
mgyoe.com


# မန်နေဂျာလို တွေးပါ
# မန်နေဂျာလို မလုပ်ပါနဲ့

မျိုးမင်းရန်အောင်
မြန်မာပြန်



mgyoe.com

mgyee.com



# မန်နေဂျာလို တွေးပါ
# မန်နေဂျာလို မလုပ်ပါနဲ့

မျိုးမင်းရန်အောင်
မြန်မာပြန်

# THINK LIKE A MANAGER DON'T ACT LIKE ONE

HARRY STARREN

MMYA0006
2,000.00 KS

mgyee.com

mgyoe.com

မန်နေဂျာလို တွေးပါ မန်နေဂျာလို မလုပ်ပါနဲ့ မျိုးမင်းရန်အောင်
စာမျက်နှာ ၁၅၂ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မရိုးရိပ်လမ်း၊ ရန်ကင်း၊
၂၀၁၈၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# မန်နေဂျာလို တွေးပါ မန်နေဂျာလို မလုပ်ပါနဲ့

# THINK LIKE A MANAGER DON'T ACT LIKE ONE

HARRY STARREN

မျိုးမင်းရန်အောင်

မြန်မာပြန်

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


– အမှာ ၁

၁။ အစွန်းမရောက် အလွန်အကျွံမဖြစ်တဲ့ ဆန်းသစ်တီထွင်ခြင်း ၃

၂။ သုံးစွဲသူဟာ သင့်ရဲ့ လမ်းညွှန်သူဖြစ်တယ် ၅

၃။ မမျှော်လင့်တဲ့ ရှာဖွေတွေ့ရှိမှု ၇

၄။ ဖြားယောင်းမှုများရဲ့ ဖမ်းစားမခံရပါစေနဲ့ ၉

၅။ ရည်မှန်းချက်ထားပါ ၁၁

၆။ ယဉ်ပါးနေတဲ့ကျားဟာ ကြောင်တစ်ကောင်မဟုတ်ပါ ၁၃

၇။ မနာလိုဝန်တိုမှုဟာ ဆိုးယုတ်တဲ့အရာပါ ၁၅

၈။ ဖြစ်နိုင်တာကိုလုပ်ပါ၊
လက်သင့်ခံနိုင်တာကို မလုပ်ပါနဲ့ ၁၇

၉။ ဖောက်ထွင်းအောင်မြင်မှုဟာ ပြင်ပကလာပါတယ် ၁၉

၁၀။ သင့်ရည်မှန်းချက်အောင်မြင်စေဖို့ နည်းလမ်းသုံးသွယ် ၂၁

၁၁။ အောင်မြင်ပြီးမြောက် ရယူနိုင်ပြီးမှ
ရည်မှန်းချက်ပန်းတိုင်ကို ချမှတ်ပါ ၂၃

၁၂။ မဟာဗျူဟာကို ဖော်ထုတ်ပါ ၂၅

၁၃။ ရွေးချယ်သူရှိပါစေ ၂၇

၁၄။ အချက်အလက်ဆိုတာ မရှိပါဘူး၊
အဓိပ္ပာယ်ကောက်ယူမှုဆိုတာသာ ရှိတာပါ ၂၉

၁၅။ အတွဲအဖက်အသစ်များကို တီထွင်ဖန်တီးပါ ၃၁


mgyoe.com

mgyoe.com

၁၆။ အတူတူနဲ့ အနူနူပဲ၊ သို့သော် ကွဲပြားခြားနားမှုရှိပါတယ် ၃၃
၁၇။ အလွန်အကျွံမဖြစ်ပါစေနဲ့၊ အစွန်းမရောက်ပါစေနဲ့ ၃၅
၁၈။ ဖြစ်သင့် လုပ်သင့်တဲ့အတိုင်း မလုပ်ရရင်
ဖြစ်နေတဲ့အတိုင်းပဲ လုပ်လိုက်ပါ ၃၇
၁၉။ အချိန်ဟာ ကွဲပြားခြားနားမှုကို ဖြစ်စေတယ် ၃၉
၂၀။ ကျဆုံးမှုကို ခပ်မြန်မြန်နဲ့ ရဲရဲရင်ဆိုင်ပါ ၄၁
၂၁။ အကုန်လုံးကို ချက်ချင်းမသိစေချင်ပါနဲ့ ၄၃
၂၂။ ရည်မှန်းချက်ကြီးပါမှ တန်ကာကျမယ် ၄၅
၂၃။ အတိတ်ကိုပြန်ကြည့်ပါ ၄၇
၂၄။ မကြည့်ခင် အရင်ခုန်ပါ ၄၉
၂၅။ ထပ်ခါတလဲလဲ ပြုမူဆောင်ရွက် ပြောကြားပါ ၅၁
၂၆။ ပုံသဏ္ဍာန်က အဓိပ္ပာယ်အကြောင်းအရာကို
ဖန်တီးဖြစ်ပေါ်စေပါတယ် ၅၃
၂၇။ ဆန့်ကျင်ဘက်၏ညီညွတ်ခြင်း ၅၅
၂၈။ ရိုက်တိုင်းကုန် ရောင်းမလောက် စာအုပ်တွေကို မဖတ်ပါနဲ့ ၅၇
၂၉။ ငြိမ်သက်ခြင်းအနုပညာ ၅၉
၃၀။ ကြက်တွေကို ခါတ်ဆီလောင်း မီးရှို့ခြင်း ၆၁
၃၁။ အမိန့်အာဏာတွေကိုချည်း အားမကိုးပါနဲ့ ၆၃
၃၂။ ယုတ္တိဗေဒကို သင်ယူခြင်း ၆၅
၃၃။ ဆုံးဖြတ်ချက်ကို ရွှေ့ဆိုင်းပါ ၆၇
၃၄။ အခွင့်မသာတိုင်းမှာ အခွင့်သာမှုရှိတယ် ၆၉
၃၅။ အခွင့်သာမှုတိုင်းမှာ အခွင့်မသာမှုရှိတယ် ၇၁
၃၆။ တွေးလည်းတွေး လုပ်လည်းလုပ်ပါ ၇၃
၃၇။ ပတ်သက်မှုမှ ခွာထွက်ခြင်း ၇၅
၃၈။ ချိန်ကိုက်လုပ်ဆောင်ခြင်းဖြင့် အောင်မြင်မှုရစေတယ် ၇၇
၃၉။ မူကိုစောင့်ထိန်းပါ၊ စည်းမျဉ်းစည်းကမ်းက အရေးမကြီးပါ ၇၉
၄၀။ သဘာဝကို အတုယူပါ ၈၁
၄၁။ သူတစ်ပါးရဲ့ ပြောဆိုမှုကို ဂရုပြုနားဆင်ပါ ၈၃

mgyoe.com

mgyoe.com


၄၂။ ကိုယ်လိုချင်တာကို အလျှော့ပေးခြင်းဖြင့် အရယူပါ ၈၅
၄၃။ ဘယ်သူဘယ်ဝါရဲ့ ဩဇာပေးမှုကြောင့်မှမဟုတ်ဘဲ
ဆန္ဒအလျောက်သာ ပြောင်းလဲချင်ကြတယ် ၈၇
၄၄။ နာဖျားမကျန်းဖြစ်ခြင်း၏ အကျိုးကျေးဇူးများ ၈၉
၄၅။ ခံနိုင်ရည်ရှိမှုဟာ ခွန်အားပါ ၉၁
၄၆။ ရှေ့ကိုရောက်ချင်ရင် ခဏရပ်ပါ ၉၃
၄၇။ ဘဝမှာရှင်သန်ဖို့ သန်စွမ်းကြံ့ခိုင်ရမှာပါ ၉၅
၄၈။ အနားယူခြင်းဖြင့် လုပ်ရှားဆောင်ရွက်မှုအသစ်များ
ဖန်တီးနိုင်ပါတယ် ၉၇
၄၉။ တိတ်ဆိတ်ခြင်းအနုပညာ ၉၉
၅၀။ အစစ်အမှန်ဖြစ်ခြင်းအနုပညာ ၁၀၁
၅၁။ တွန်းအားပေး လှုံ့ဆော်မှု မပြုပါနဲ့ ၁၀၃
၅၂။ ထွေပြားစုံလင်ခြင်းဟာ အရင်းအမြစ်အင်အားဖြစ်ပါတယ် ၁၀၅
၅၃။ မစေ့ဆော်ပါနဲ့ နဂိုကတည်းက စိတ်ပါပြီးသား ဖြစ်ပါစေ ၁၀၇
၅၄။ အထူးကိစ္စမဟုတ်သရွေ့ ရိုးရိုးရှင်းရှင်းသာ ပြုလုပ်ပါ ၁၀၉
၅၅။ အကူအညီတောင်းရဲပါ ၁၁၁
၅၆။ စွန့်လွှတ်ရဲပါစေ ၁၁၃
၅၇။ သင့်လုပ်ဆောင်ချက်နဲ့ ရှင်းပြပြီးသားဖြစ်ပါစေ ၁၁၅
၅၈။ ငြင်းခုံမှုမပြုပါနဲ့ ၁၁၇
၅၉။ ပြင်းပြင်းထန်ထန် ခေါင်းချင်းရိုက်
အဖြေရှာတာမျိုးမလုပ်ပါနဲ့ ၁၁၉
၆၀။ ပြဿနာမရှိဘဲနဲ့ အဖြေဆိုတာမရှိနိုင် ၁၂၁
၆၁။ အဖွဲ့အစည်းဆိုတာ သက်ရှိမဟုတ်၊
အမှန်တကယ် မတည်ရှိပါ ၁၂၃
၆၂။ ခေါင်းဆောင်မှု ၁၂၅
၆၃။ မေးခွန်းထဲမှာ အဖြေပါပြီးသား ဖြစ်ပါတယ် ၁၂၇
၆၄။ အဖန်တလဲလဲဖြစ်လာပြီဆိုရင်တော့
ဒါဟာ သင့်ကြောင့်ပါ ၁၂၉


mgyoe.com

mgyoe.com

၆၅။ ဆုံးဖြတ်ပြီးသား ကိစ္စတစ်ရပ်ကို
ထပ်ပြီးဆုံးဖြတ်မှု မပြုပါလေနဲ့ ၁၃၁
၆၆။ မိမိကိုယ်ကို နားလည်သဘောပေါက်ပါ ၁၃၃
၆၇။ အဖြေကိုယ်တိုင်က ပြဿနာပါပဲ ၁၃၅
၆၈။ အခြေအနေဟာ မျှော်လင့်ချက် မရှိတော့ပေမဲ့
အသည်းအသန်တော့ မဟုတ်ပါ ၁၃၇
၆၉။ ဆီလျော်မှုမရှိခြင်းက ဆီလျော်မှုဖြစ်စေပါတယ် ၁၃၉
၇၀။ ရှားပါးမှုဟာ ဘုရားသခင်ရဲ့ ကောင်းချီးပေးမှုပါ ၁၄၁
၇၁။ အနာဂတ်ဟာ ဒီမှာရှိနေပြီးသားပါ ၁၄၃
၇၂။ ပထမလည်း မဖြစ်စေနဲ့
ဒုတိယနေရာထက်လည်း ပိုမလျော့စေနဲ့ ၁၄၅
၇၃။ လက်ရှိမှာ ရှေ့ကပြေးနေပေမဲ့
နောင်တစ်ချိန်မှာ နောက်ရောက်သွားနိုင်ပါတယ် ၁၄၇
၇၄။ ဆန့်ကျင်ဘက်၏အမှန်တရား ၁၄၉
၇၅။ ဖတ်တဲ့သူရဲ့ စာအုပ်ဖြစ်သွားပါပြီ ၁၅၁

❑

mgyoe.com

mgyoe.com

# အမှာ


တော်တော်လေးထူးခြားတဲ့ နာမည်နဲ့ စာအုပ်ဖြစ်ပါတယ်။ မူရင်းစာအုပ်ရေးသူက ဟာရီစတားရင်း (၁၉၅၅ ဖွား) ဖြစ်ပြီး Federation of Dutch Creative Industries ရဲ့ ဥက္ကဋ္ဌ ဖြစ်ပါတယ်။ De Nederlandse School ရဲ့ မဟာဌာနမှူးလည်းဖြစ်ပါတယ်။ Ithaca International ရဲ့ ဦးဆောင်ညွှန်ကြားရေးမှူးတာဝန်လည်း ယူထားပါတယ်။

အမ်စတာဒမ်(နယ်သာလန်) နဲ့ နီစ်(ပြင်သစ်)တို့မှာ တစ်လှည့်စီ နေထိုင်ပါတယ်။

ဒီစာအုပ်မှာ ဟာရီစတားရင်းက သမားရိုးကျမဟုတ်ဘဲ ကွဲပြားခြားနားတဲ့ မြင်ထောင့်ရှုထောင့်များကနေ စဉ်းစားဖွယ်အချက် ၇၅ ခု တင်ပြထားပါတယ်။ ၂၁ ရာစုနဲ့အညီ ဖတ်ရှုခံစားကြည့်ကြရင်း ဟာရီနဲ့ မတူတဲ့ နောက်ထပ် မြင်ထောင့်ရှုထောင့်များကနေ မြင်ကြည့်၊ ကြည့်ကြည့်ကြဖို့ တိုက်တွန်းလိုက်ပါရစေ။

■

mgyoe.com



mgyoe.com
mgyoe.com

mgyoe.com


၁

# အစွန်းမရောက် အလွန်အကျွံမဖြစ်တဲ့ ဆန်းသစ်တီထွင်ခြင်း

လုံးဝ အသစ်၊ အသစ်ဖြစ်တဲ့အရာကနေ ချက်ချင်းအောင်မြင်မှုရ ထ'ပေါက်' ဖို့ဆိုတာ ဒီနေ့ခေတ်ကာလ ၂၁ ရာစုမှာ အရင့်အရင်ခေတ်ကာလတွေကထက် ပိုခက်သွားပြီ။ 'လမ်းရိုးဟောင်းတွေ ဆင့်ကာထွင်' ဆိုသလို ရှိပြီးသား၊ မြင်ပြီးသားကနေ 'ထ'ပေါက်အောင်သာ ကွန့်ယူရမှာပါ။

လုံးဝ 'အသစ်' ဖန်တီး၊ လုံးဝ 'အသစ်' ပြုလုပ်ကြဆိုတာ အဲဒီအရာကနေ ထအောင်မြင်ဖို့ဆိုတာ ခက်ခဲလှပါတယ်။

ဒီနေရာမှာ အခြားလုပ်ငန်းကုမ္ပဏီတွေနဲ့ နှိုင်းစာလိုက်ရင် သရေစာမုန့်ကုမ္ပဏီကြီးတွေက ရှိပြီး၊ ပေါက်ပြီးသားပေါ်မှာ ထပ်ဆင့်ပြီး ကောင်းအောင်၊ ထပ်ဆင့်ပြီး ဆွဲဆောင်မှုရှိအောင် ထွင်တတ်ကြပါတယ်။ ဒါကို အတုယူရမှာပါ။ ထပ်ဆင့်ပြီး ထွင်ခြင်းအားဖြင့် သူတို့မုန့်တွေ ပိုပေါက်တာ မြင်ကြရပါတယ်။

အဆာသွတ်မုန့်ကို ဆမ်းစားရတဲ့ အဝါရောင်အချိုရည်ပျစ် (Custard) နဲ့ပတ်သက်ပြီး ဆိုင်ရာကုမ္ပဏီကြီးတွေက ကြော်ငြာပုံကိုကြည့်ပါ။

ကတ်စတတ် (Custard) က ကတ်စတတ်ပါပဲ။ ဒါပေမဲ့ ဒီကတ်စတတ်က ဓာတုဗေဒမြေသြဇာတွေ၊ ပိုးသတ်ဆေးတွေမသုံးဘဲ သဘာဝမြေသြဇာနဲ့ ထုတ်လုပ်ပါတယ်။ ဒါမှမဟုတ် "ချောကလက်လေးစွက်ထားတဲ့ ကတ်စတတ်ပါဗျို့"၊ ဒါမှမဟုတ် ဆီးချိုသမားတွေ၊ ဆီးချိုကြောက်သူတွေအတွက် 'သကြားမပါတဲ့ ကတ်စတတ်ပါဗျ" စသည်ဖြင့် ကြော်ငြာရာက အဲဒီအစားအစာတွေ 'ပေါက်' ကုန်တာပါ။

mgyoe.com


JVC

mgyoe.com


## ၂

## သုံးစွဲသူဟာ သင့်ရဲ့ လမ်းညွှန်သူဖြစ်တယ်

ဆိုရိုးစကားတွေရှိပါတယ်။ "သုံးစွဲသူဟာ အမြဲတမ်း မှန်တယ်" တို့၊ "စားသုံးသူသာရှိရင် ဘုရင်" တို့ စတဲ့စကားတွေပါ။ အခု အဲဒီဆိုရိုးစကားတွေကို 'ခေါက်' ပစ်လိုက်ပါ။ အခုနောက်ဆုံးပေါ်ထွက်လာတဲ့ ဆိုရိုးစကားကတော့ "သုံးစွဲသူဟာ သင့်ရဲ့ လမ်းညွှန်သူဖြစ်တယ်" ဆိုတဲ့ ဆိုရိုးစကားပါပဲ။

ခေတ်အမီဆုံး တပ်ဆင်လိုက်တဲ့ ဆော့ဖ်ဝဲလ်နဲ့ပတ်သက်ပြီး စူးစမ်းဆင်ခြင်ကြည့်ပါ။ ဆော့ဖ်ဝဲလ်အသစ်မှာပါတဲ့ အသုံးဝင်မှုတွေ၊ အစီအစဉ်တွေဟာ ကွန်ပျူတာဒီဇိုင်နာတွေ တီထွင်ထားတာမဟုတ်ဘဲ သုံးစွဲသူများရဲ့ အကြံပြုမှုကို မူတည်ကာ တိုးတက်ပြောင်းလဲမှု လုပ်ထားတာများချည်းပါပဲ။ မူလတီထွင်ပြုလုပ်သူ စဉ်းစားစိတ်ကူးမိထားသမျှထက်တောင် ပိုမိုကာ ဆော့ဖ်ဝဲလ်အသစ်က အစွမ်းပြနေခြင်းဟာ သုံးစွဲသူရဲ့ အကြံဉာဏ်ကြောင့် ဖြစ်ပါတယ်။

တစ်ခါတစ်ရံမှာ သင့်ထုတ်ကုန်ရဲ့ အမှန်တကယ်စွမ်းပကားကို ဖော်ထုတ်ဖို့ သင့်ကုန်ပစ္စည်းသုံးစွဲသူရဲ့ အကြံဉာဏ်နဲ့ စိတ်ကူးဆင်ခြင်မှု လိုအပ်ပါတယ်။

mgyoe.com


mgyoe.com

mgyoe.com


## ၃

## မမျှော်လင့်တဲ့ ရှာဖွေတွေ့ရှိမှု

စာပေလောကမှာတော့ ဒါမျိုးကို 'မှတ်ဆိတ်ပျားစွဲတယ်' လို့ ဆိုကြပါတယ်။ မရည်ရွယ်၊ မမျှော်လင့်ဘဲ ရှာဖွေတွေ့ရှိတာပါ။

ပစ္စည်းဟောင်းတွေ၊ အသုံးပြုပြီးသားပစ္စည်းတွေရောင်းတဲ့ လဟာပြင်ဈေးတန်းကို ဘာဝယ်မယ်ရယ်လို့ ရည်ရွယ်ချက်မရှိဘဲ သင် ဟိုဟိုဒီဒီလျှောက်ကြည့်နေမိတယ်ဆိုပါစို့။ အဲဒီလို ဟိုဒီလျှောက်ကြည့်ရင်းနဲ့ ဗြုန်းခနဲသင် သိပ်လိုချင်နေတဲ့ ပစ္စည်းတစ်ခုကို သွားတွေ့တာမျိုး ရှိတတ်ပါတယ်။

သိပ္ပံနဲ့ နည်းပညာကဏ္ဍမှာတော့ အဲဒီလို အမှတ်မထင် ဗြုန်းခနဲတွေ့လိုက်တာမျိုးဟာ ရိုးတောင်ရိုးနေပါပြီ။ ပင်နီဆီလင်ကို တီထွင်ခဲ့တဲ့အလက်ဇန်းဒါးဖလင်းမင်းဟာ အဲဒီလိုပုံစံမျိုးနဲ့ အင်မတန်အဖိုးတန်တဲ့ဆေးကို တွေ့ရှိခဲ့တာပါ။

တစ်နေ့မှာ ဖလင်းမင်းဟာ သူ့ခွဲစိတ်ခန်းကို သန့်ရှင်းရေးလုပ်နေပါတယ်။ သိပ္ပံပညာရှင်တွေနဲ့ ဓာတ်ခွဲခန်းဆိုတာက တစ်ခါတလေ ဟိုပစ္စည်းက ဒီရောက်၊ ဒီပစ္စည်းက ဟိုရောက်နဲ့ဆိုတော့ ပစ္စည်းတွေ နေသားတကျရှိအောင် သပ်သပ်ရပ်ရပ်စီနေတာပါ။ အဲဒီမှာ ဓာတ်ခွဲခန်းသုံးတဲ့ ပုံစံ

mgyoe.com

mgyoe.com


ခွက် (မို) တစ်ခုကို သူ သွားတွေ့ပါတယ်။ ဘယ်မှာသွားတွေ့တာလဲဆိုတော့ Staphylococcus ဗက်တီးရီးယားတွေ မွေးမြူထားတဲ့ စလောင်းပုံခွက်တစ်ခုပေါ်မှာပါ။ ဒါနဲ့ အဲဒီမိုကို သူသေချာကြည့်လိုက်တော့ ဗက်တီးရီးယားတွေမရှိတဲ့နေရာတစ်ခုကို သွားတွေ့ပါတယ်။ အဲဒီကနေ ဖလင်းမင်းတစ်ယောက် ပင်နီဆီလင်ကို တီထွင်နိုင်ခဲ့တာပါ။ တစ်ခါတလေ ကိုယ်က ဘာကိုမှ ရည်ရွယ်ပြီးရှာတာမဟုတ်ပေမဲ့ အဖိုးတန်တာတစ်ခုခု သွားတွေ့တတ်ပါတယ်။

■

mgyoe.com

mgyoe.com


၄


## ဖြားယောင်းမှုများရဲ့ ဖမ်းစားမခံရပါစေနဲ့

ဘဝမှာ ဖြားယောင်းမှု ခပ်သေးသေးများရဲ့ ဖမ်းစားခြင်းကိုတောင် လွတ်အောင် မရုန်းနိုင်သူများဟာ ကြီးမားတဲ့အောင်မြင်မှုကို မရနိုင်ပါ။

ဖြားယောင်းမှု ခပ်ကြီးကြီးများရဲ့ ဖမ်းစားခြင်းကို လွတ်အောင် မရုန်းနိုင်သူများကတော့ အဆုံးမှာ အရာရာကို လက်လွှတ်ဆုံးရှုံးရပါလိမ့်မယ်။

▣

mgyoe.com



mgyoe.com
mgyoe.com

mgyoe.com


၅

## ရည်မှန်းချက်ထားပါ

လုပ်ကြံခံရလို့ ကွယ်လွန်သွားရှာပြီဖြစ်တဲ့ အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေဒီဟာ သူ မကွယ်လွန်မီ အင်မတန်ကျော်ကြားတဲ့ မိန့်ခွန်းတစ်ရပ်ကို ကွန်ဂရက်မှာ ပြောကြားခဲ့ပါတယ်။

အဲဒီမိန့်ခွန်းထဲမှာ "ဒီဆယ်စုနှစ်မကုန်မီမှာ ကျွန်တော်တို့ တိုင်းပြည်ဟာ (မိမိတို့လိုချင်တဲ့) ရည်မှန်းချက်ပန်းတိုင်ရောက်ဖို့ အဓိဋ္ဌာန်ချ ကြိုးစားကြမယ်လို့ ကျွန်တော် ယုံကြည်တယ်။ (အဲဒီရည်မှန်းချက်ပန်းတိုင်ကတော့ ဒီဆယ်စုနှစ်မကုန်မီမှာ) လပေါ်ကို ခြေချနိုင်ဖို့ပဲ" လို့ ပါရှိခဲ့ပါတယ်။ ဒါပေမဲ့ သူ့မိန့်ခွန်းဝါကျက အဲဒီမှာတင်မပြီးဆုံးသေးပါဘူး။ နောက်ထပ်ဆက်ပြီး ပြောကြားသွားတာ ရှိပါသေးတယ်။ အဲဒီအဆက်ကတော့...

"ကျွန်တော်တို့ လပေါ်ကို အရောက်ပို့လိုက်တဲ့လူကို ဒီကမ္ဘာမြေကြီးထံ ဘေးမသီ ရန်မခနဲ့ ပြန်ခေါ်ယူနိုင်ရပါမယ်" လို့ပဲဖြစ်ပါတယ်။ တောင်တက်သမားတွေအားလုံး အဲဒီခံယူချက်သဘောထားကို အသိအမှတ်ပြု လက်ခံထားကြပါတယ်။ သူတို့ရဲ့ ရည်မှန်းချက်ပန်းတိုင်ဟာ တောင်ထိပ်မဟုတ်ပါဘူး။ တောင်ထိပ်ကနေ အောက်ကို တစ်စုံတစ်ရာ ဒဏ်ရာမရဘဲ ပြန်ရောက်ဖို့ကသာ တကယ့်စိန်ခေါ်မှုဖြစ်ပါတယ်။

မန်နေဂျာကောင်းတစ်ယောက်အနေနဲ့ တောင်တက်သမားတွေလို ပြုမူကျင့်ကြံရမှာပါ။ တောင်ထိပ်ကိုရောက်ဖို့ ရည်စူးကြိုးပမ်းသလို တောင်ထိပ်ကနေ အောက်ကိုပြန်အဆင်းမှာ တစ်စုံတစ်ရာ ပြဿနာမရှိဘဲ မကျိုးမကန်းပြန်ရောက်ဖို့ အာရုံသွင်းထားရပါမယ်။ အလေးဂရုပြုရပါမယ်။

mgyoe.com


mgyoe.com
mgyoe.com

mgyoe.com


## ၆

## ယဉ်ပါးနေတဲ့ကျားဟာ ကြောင်တစ်ကောင်မဟုတ်ပါ

တိရစ္ဆာန်ရုံထဲမှာရှိတဲ့ ခြင်္သေ့လှောင်အိမ်မှာ သိုးငယ်တစ်ကောင်နဲ့ ခြင်္သေ့ကြီး ထီးထီးတည်း အတူတူရပ်နေတာ တွေ့ရတော့ အံ့အားသင့်နေတဲ့ ဧည့်သည်က ခြင်္သေ့ရုံစောင့်ပုဂ္ဂိုလ်ကို အထူးအဆန်းဖြစ်ပြီး မေးလိုက်ပါတယ်။

ဧည့်သည် ။ ။ ဘယ့်နှယ်ဆရာကြီး... သိုးငယ်နဲ့ ခြင်္သေ့ အတူတူတွဲပြီးနေအောင် ခင်ဗျား ဘယ်လိုများ ခြင်္သေ့ကြီးကို သင်ထားပါသလဲ။

ရုံစောင့် ။ ။ ဘယ်လိုမှ သင်မထားပါဘူး။ အဲဒီခြင်္သေ့က တစ်နေ့ကို သိုးသုံးကောင် သုံးကောင် စားပါတယ်။ အခုတွေ့ရတာ တတိယမြောက်သိုးငယ်ပါ။

သဘာဝအရ ရန်သူဖြစ်နေတာကို ပြေရာပြေကြောင်း ဖြေဖို့၊ ချွေးသိပ်ဖို့ ဘယ်တော့မှ မဖြစ်နိုင်ပါ။ ဒါ့ကြောင့် (ရန်သူကို) အနိုင်ယူဖို့ ကြိုးစားရင် ကြိုးစား၊ ဒါမှမဟုတ် (ရန်သူနဲ့) ဝေးရာကိုသာ ပြေးပါလေ။

■

mgyoe.com



## ၅

# မနာလိုဝန်တိုမှုဟာ ဆိုးယုတ်တဲ့အရာပါ

မနာလိုဝန်တိုမှု အင်မတန်ကြောက်စရာကောင်းပါတယ်။ မနာလိုဝန်တိုမှုဟာ သင့်စိတ်ကိုသာမကဘဲ သင့်ရုပ်ကိုလည်း ထိခိုက်ပျက်စီးစေပါတယ်။ တကယ့်ကို မလိုလား၊ မမွေးမြူအပ်တဲ့ စိတ်နေစိတ်ထားပါ။

ဒါပေမဲ့ သူသူကိုယ်ကိုယ် ပုထုဇဉ်လောကသားများ ဖြစ်တာနဲ့အညီ 'ကိုယ့်ထက်သာ မနာလို' ဆိုတဲ့ ဆိုရိုးစကားအတိုင်း မနာလိုမိတာ၊ မစ္ဆရိယ စိတ်ထားမိတာ... စတဲ့ စိတ်ဆိုးစိတ်ယုတ်တွေ ရံဖန်ရံခါမှာ စွဲငြိ ကပ်တွယ်တတ်ပါတယ်။ အဲဒီစိတ်ဆိုး စိတ်ယုတ် ကပ်တွယ်လာပြီလို့ စိတ်ထဲမှာ သိလိုက်တာနဲ့တစ်ပြိုင်နက်တည်း ရအောင်ရှင်းထုတ်ဖယ်ခွာဖို့ ကြိုးစားပါ။

မနာလိုဝန်တိုမှုကနေ စိတ်မသန့်ရှင်းမှုဆီ အလွယ်တကူ ရောက်သွားကာ အဲဒီကမှတစ်ဆင့် ကိုယ့်မှာရှိပြီးသား ပျော်ရွှင်ကျေနပ်မှုကလေးများကိုပါ ဖျက်ဆီးပစ်တတ်တာကြောင့် 'ရှောင်လေဝေးဝေး မနာလိုဘေး' လို့ ဆိုရပါမယ်။

■



mgyoe.com
mgyoe.com

mgyoe.com

## ဖြစ်နိုင်တာကိုလုပ်ပါ၊ လက်သင့်ခံနိုင်တာကို မလုပ်ပါနဲ့


ခေါင်းစဉ်က နည်းနည်းရှုပ်သွားမယ်ထင်ပါတယ်။ အားလုံးက လက်သင့်ခံတာ၊ သဘောတူတာမျိုးကိုပဲ ရေစုန်မျော အလွယ်တကူလိုက် မလုပ်ဘဲ လက်သင့်မခံနိုင်ဘဲ ရှိနေကြရင်တောင် တစ်ချိန်ချိန်မှာ ဖြစ်လာနိုင်တာရှိရင် အဲဒါကိုစွန့်ပြီး ရဲစွမ်းသတ္တိရှိရှိနဲ့ လုပ်ကိုင်ဆောင်ရွက်ကြပါလို့ ဆိုလိုတာပါ။

အရင်တုန်းက အနောက်နိုင်ငံတွေမှာ တက္ကသိုလ်တွေရဲ့ ပါမောက္ခများဟာ ကိုယ်ပိုင်ကုမ္ပဏီရှိတယ်၊ ကိုယ်ပိုင်လုပ်ငန်း ထောင်ထားတယ်ဆိုရုံနဲ့ အလုပ်ပြုတ်ပါတယ်။ ကုမ္ပဏီ၊ လုပ်ငန်းရယ်မပြောနဲ့ လူမှုရေးရန်ပုံငွေတစ်ရပ် ထောင်မိတယ်ဆိုရုံနဲ့ အလုပ်ပြုတ်ပါတယ်။ အဲဒါ လွန်ခဲ့တဲ့ ၁၀ နှစ်ကာလကပါ။

ကနေ့အချိန်မှာတော့ ပါမောက္ခတစ်ယောက်ဟာ ကိုယ်ပိုင်လုပ်ငန်းရှိရင်၊ အပြင်လုပ်ငန်းတစ်ခုခုရှိရင် တက္ကသိုလ်မှာ ခန့်ထားခံရဖို့ (သည်ကိုယ်ပိုင်လုပ်ငန်းမရှိသူ ပါမောက္ခများနဲ့ နှိုင်းစာရင်) ပိုအလေးသာနေပါပြီ။ ၁၀ နှစ်အတွင်း ကွာခြားသွားတာကို ပြောတာပါ။

■

mgyoe.com



mgyoe.com
mgyoe.com

mgyoe.com


## ၉

# ဖောက်ထွင်းအောင်မြင်မှုဟာ ပြင်ပကလာပါတယ်

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုစနစ်မှာ အကြီးမားဆုံး တိုးတက်မှုရရှိလာတာဟာ ဆရာဝန်တွေကြောင့်လို့ ထင်ကြရင် မှားပါမယ်။ မဟုတ်ပါဘူး။ အင်ဂျင်နီယာတွေကြောင့် အခုလိုတိုးတက်မှုရလာတာပါ။ ဖောက်ထွင်းအောင်မြင်မှုဟာ အဲဒီနယ်ပယ်နဲ့ သက်ဆိုင်တဲ့ ဆရာဝန်တွေဆီကမလာဘဲ တခြားနယ်ပယ်ဖြစ်တဲ့ အင်ဂျင်နီယာတွေဆီကလာတာဖြစ်လို့ ခေါင်းစဉ်မှာ ဖောက်ထွင်းအောင်မြင်မှုဟာ ပြင်ပကလာတာဖြစ်တယ်လို့ တပ်ထားတာပါ။ ၁၉ ရာစုမှာ အင်ဂျင်နီယာတွေဟာ ပင်မ မိလ္လာ ရေဆိုးပိုက်စနစ်ကို ခေတ်မီအောင် တည်ဆောက်ခဲ့ကြပြီး ကျန်းမာရေးနဲ့ ညီညွတ်တဲ့ မိလ္လာသိမ်းစနစ်ကို တီထွင်မိတ်ဆက်ပေးခဲ့ကြပါတယ်။ ဒါ့ကြောင့် ကျန်းမာရေးနဲ့ဆိုင်တဲ့ ဖောက်ထွင်းအောင်မြင်မှုဟာ ပြင်ပကလာတာလို့ ဆိုတာပါ။ အင်ဂျင်နီယာတွေရဲ့ တီထွင်ကြံဆမှုကြောင့် လူ့သက်တမ်း ရုတ်ခြည်းဆိုသလို ထိုးတက်သွားခဲ့ရတာပါ။

ပညာရေးဘက်က ကြည့်မယ်ဆိုရင် စာသင်ကြားမှုကို သိပ်အစောကြီးမစဘဲ နောက်ပိုင်းခပ်ကျကျမှစတာမျိုး၊ ကျန်းမာရေးလေ့ကျင့်ခန်းပိုလုပ်တာမျိုးနဲ့ အေးချမ်းငြိမ်သက်တဲ့ ဝန်းကျင်အနေအထားများမှာ စာပေသင်အံလေ့ကျက်တာမျိုးက ဆယ်ကျော်သက်အရွယ် လူငယ်ကျောင်းသားတွေကို ပိုမိုထက်မြက်ထူးချွန်စေတယ်လို့ သိပ္ပံပညာရှင်များရဲ့ ဆန်းစစ်လေ့လာမှုများအရ သိရပါတယ်။ ဒီမှာလည်း ကျောင်းသားလူငယ်များကို ပညာရည်ထူးချွန်စေမှုနဲ့ပတ်သက်ပြီး ထိုးဖောက်သိမြင်လာခဲ့တာ ပညာရေးနယ်ပယ်က ကျောင်းဆရာ၊ ဆရာမတွေမဟုတ်ဘဲ သိပ္ပံပညာရှင်တွေပဲဖြစ်နေတာကို ကြည့်လိုက်ရင် ဖောက်ထွင်းအောင်မြင်မှုဟာ ပြင်ပကလာတယ်ဆိုတာကို နောက်တစ်ကြိမ် သက်သေပြလိုက်တာပါလို့ ဆိုရပါမယ်။

■

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com


## ၁၀

# သင့်ရည်မှန်းချက်အောင်မြင်စေဖို့ နည်းလမ်းသုံးသွယ်

သင့်ရည်မှန်းချက် အောင်မြင်စေဖို့ နည်းလမ်းသုံးသွယ်ရှိပါတယ်။ သင် ဘယ်နေရာမှာရှိနေသလဲဆိုတာလည်း သင်ကိုယ်တိုင် ကောင်းကောင်း သိတယ်။ ဘယ်နေရာကို သွားချင်သလဲဆိုတာကိုလည်း ကျကျနနကြီး သိတယ်။ အဲဒါဆိုရင် သင်သွားချင်တဲ့နေရာ၊ သွားချင်တဲ့ဆီကို 'တဲ့' သာ သွားပစ်လိုက်၊ ကွေ့ဝိုက်ပတ်မနေနဲ့။ ဒီခေတ်စကားနဲ့ ပြောရမယ်ဆိုရင် တော့ သင် ဘာဖြစ်ချင်တာလဲဆိုတာကို ရှင်းရှင်းလင်းလင်းကြီး ဖော်ထုတ် ပါ။ တိုင်းတာလို့ရတဲ့ (မဖြစ်နိုင်တာတွေမဟုတ်တဲ့) ရည်မှန်းချက်ကို ချမှတ် ပါ။

မဟာဗျူဟာကျကျ ပြောရမယ်ဆိုရင် သင့်ရည်မှန်းချက်ပန်းတိုင် ထက် (အဲဒီပန်းတိုင်ကို) သင်သွားရမယ့်၊ သင် ရွေးရှုရမယ့် လမ်းကြောင်း က ပိုအရေးကြီးပါတယ်။ လမ်းခရီး(လမ်းကြောင်း)မှာ ဘာတွေအခက်အခဲ ရှိသလဲ၊ ဘယ်လိုအခက်အခဲတွေနဲ့ ရင်ဆိုင်ရနိုင်သလဲ၊ ဘယ်လိုရွေးခွင့် တွေ သင့်မှာရှိသလဲ၊ ဒါတွေက အရေးကြီးပါတယ်။ ရွေးစရာ ဘာတွေရှိ သလဲ၊ ဒါကို သိထားရပါမယ်။

နောက်ဆုံးနည်းလမ်းကတော့ သင့်ရဲ့ ရည်မှန်းချက်ပန်းတိုင်ကို သင် ရောက်မှ အနက်အဓိပ္ပာယ်ဖွင့်တဲ့နည်းပါ။ အဲဒီနည်းလမ်းအတိုင်း လုပ်ကိုင် ဆောင်ရွက်ရင် သင် အမြဲတမ်း အောင်မြင်ခဲ့မှာပါ။

ဒီနည်းလမ်းကို လွယ်တယ်လို့ ထင်ရင် ထင်လိမ့်မယ်။ ဒါပေမဲ့ ဒီ နည်းလမ်းမှာလည်း အဆိုးအကောင်းတွေရှိပါတယ်။

■

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


၁၁


# အောင်မြင်ပြီးပြောက် ရယူနိုင်ပြီးမှ ရည်မှန်းချက်ပန်းတိုင်ကို ချမှတ်ပါ

ရေကန်တစ်ကန်ဘေးမှာ ကလေးငယ်နှစ်ယောက် ရပ်နေတယ်။ ရေကန်ဘေးမှာရပ်ပြီး သူတစ်လှည့်၊ ကိုယ်တစ်လှည့် ကျောက်ခဲတွေနဲ့ ပစ်ကစားနေတာ။ သိပ်မကြာခင်မှာပဲ ကလေးငယ်တစ်ယောက်က "ထိပြီ၊ ထိပြီ" လို့ ဝမ်းသာအားရအော်လိုက်တယ်။ ဒီဖြစ်ရပ်ကိုကြည့်ပြီး ဘာကို သွားတွေးမိသလဲဆိုတော့ ကလေးငယ်ဟာ သူ့ရဲ့ပစ်မှတ်၊ သူ ထိစေချင်တာကို သူပစ်လိုက်တဲ့ ကျောက်ခဲ ကြိမ်ဖန်များစွာသွားမှန်ပြီးနောက်မှ "ထိပြီ၊ ထိပြီ"လို့ ဟစ်ကြွေးတာဖြစ်တယ်။ အဲဒီလိုအော်ပြီးနောက်ပိုင်း သူပစ်လိုက်သမျှ ခဲလုံးတွေဟာလည်း သူရည်ရွယ်တဲ့ပစ်မှတ်ကို အကြိမ်တိုင်းလို ထိမှန်ခဲ့တယ်။

သမားရိုးကျဆိုရင်တော့ ရည်မှန်းချက်ကို အရင်သတ်မှတ်ရတာပါ။ ဥပမာ... ဘယ်နှစ်မှာ ဘယ်လောက်အဆင့်အထိ ရောက်ရမယ် (စီးပွားရေး၊ နိုင်ငံရေး စသည်ဖြင့်ပေါ့)။ ဒါလည်းမဆိုးပါဘူး။ ဒီလိုသတ်မှတ်ရည်မှန်းရာမှာ ချွတ်ယွင်းချက်၊ အားနည်းချက်တွေ၊ အခက်အခဲပြဿနာတွေ ရှိတတ်ပါတယ်။ ဒီလိုအနာဂတ်မှာ ဘာဖြစ်မယ်ရည်မှန်းသတ်မှတ်ရာမှာ ကိုယ့်ပန်းတိုင် ကိုယ့်ရည်မှန်းချက်ကို မရောက်ပေမဲ့ (တစ်စုံတစ်ခု၊ သို့မဟုတ် တစ်စုံတစ်ရာကို) သင် ရယူပိုင်ဆိုင်ပြီးဖြစ်နေတတ်ပါတယ်။ ကိုယ်မရည်မှန်းခဲ့တာကို ရနေတာမျိုးပေါ့။ ဒါ့ကြောင့် မူလကတည်းက ရည်မှန်းချက်ရယ်လို့မထားဘဲ ကိုယ်လုပ်စရာရှိတာကို ကြိုးကြိုးကုတ်ကုတ် ဆောင်ရွက်ခြင်းအားဖြင့် တစ်စုံတစ်ရာအောင်မြင်မှုရတာမျိုး ရှိမှာပါ။ အဲဒီအခါမှာ အဲဒီအောင်မြင်မှုကိုပဲ ကိုယ့်ရည်မှန်းချက်လို့ သတ်မှတ်လိုက်ဖို့ ဆိုလိုတာဖြစ်ပါတယ်။

■

mgyoe.com



mgyoe.com

mgyoe.com


၁၂

## မဟာဗျူဟာကို ဖော်ထုတ်ပါ

ဒိန်းမတ်ဒဿနိကဆရာကြီး ဆိုရင်ကီယာကီဂတ်က ပြောဖူးပါတယ်။


"ဘ၀ဆိုတာ (အတိတ်ကို) သမင်လည်ပြန်လှည့်ကြည့်မှ (ဘယ်လိုဘယ်အကြောင်း) နားလည်သဘောပေါက်နိုင်တာပါ။ ဒါပေမဲ့ ရှေ့ကိုလည်း လှမ်းမျှော်ကြည့်ရှုရမှာပေါ့" လို့ ဆိုခဲ့တာပါ။ ဟုတ်ပါတယ်။ ကိုယ် ဘာလုပ်တယ်ဆိုတာ အဲဒါကို ကိုယ်လုပ်ပြီးမှ သိရှိနားလည်သဘောပေါက်နိုင်တာပါ။ မလုပ်ဖူးဘဲနဲ့ ဘာကိုမှ မသိနိုင်ပါ။

ဒါ့ကြောင့် ကုမ္ပဏီတွေအနေနဲ့ စီမံကိန်းတစ်ခု၊ အလုပ်တစ်ခု စလုပ်လိုက်ပြီးတာနဲ့ သင့်တော်တဲ့အချိန်ကာလမှာ ပြန်ရပ်ပြီး သုံးသပ်တာမျိုးတွေ အခါအားလျော်စွာ လုပ်ကြရတာပါ။ အဲဒီမှာ ဘာတွေက လုပ်ပြီးတယ်၊ ဘာတွေက လိုသေးတယ်၊ ဘာတွေက လုပ်မပြီးဘူး သေသေချာချာ သိကြရမှာပါ။ အခက်အခဲတွေ ဘာများရှိသလဲ... စတာတွေပေါ့။

ဒီလိုတွေ သိရပြီဆိုရင် စီမံကိန်း မဟာဗျူဟာလမ်းကြောင်းကို ပိုခိုင်မာထိရောက်စွာ မွမ်းမံအကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။ မန်နေဂျာကောင်းတစ်ယောက်ဆိုတာ လုပ်ပြီးသမျှကို ဆန်းစစ်လေ့လာ အားဖြည့်ပေးတာပါ။ စီမံခန့်ခွဲမှုကောင်းတယ်ဆိုတာ အလုပ်တစ်ခုလုံးကို နောက်ကနေ ချန်ပြီး လှမ်းကြည့်၊ လှမ်းသုံးသပ်ရတာမျိုးလည်း ဖြစ်ပါတယ်။

■


mgyoe.com



mgyoe.com

mgyoe.com

mgyoe.com

# ၁၃

## ရွေးချယ်သူရှိပါစေ

စီးပွားရေးလုပ်ငန်းတွေမှာ ယုံကြည်မှုဆိုတာ ရှိပါတယ်။ ဘယ်လုပ်ငန်း၊ ဘယ်ကုမ္ပဏီအတွက်မဆို (ဈေးကွက်စီးပွားရေးအရ) တစ်ကောင်တည်းပြေးလို့မရဘဲ အပြိုင်အဆိုင်ရှိရပါမယ်။ စီးပွားရေးစီမံခန့်ခွဲမှု မဟာသင်တန်းတစ်ခုရဲ့ ညွှန်ကြားရေးမှူးအဖြစ် ကျွန်တော်(မူရင်းစာရေးသူ) တာဝန်ယူစဉ်တုန်းကပါ။ ကျွန်တော်တို့က ပြည်သူပိုင်စီးပွားရေးကဏ္ဍဆိုင်ရာ မဟာဘွဲ့ပေးဖို့ စတင်ကြော်ငြာမိတ်ဆက်ပါတယ်။ ပြောရမယ်ဆိုရင် အဲဒီအချိန်မှာ ကျွန်တော်တို့ သင်တန်းနဲ့ အလားတူလိုမျိုး သင်တန်းတစ်ခုလည်းရှိပါတယ်။ သူတို့က ကျွန်တော်တို့ထက် ဈေးပိုကြီးပါတယ်။ အဲဒီမှာ ကျွန်တော်တို့က သင်တန်းကြေးကို လူတိုင်းတက်နိုင်အောင် သင့်တင့်မျှတတဲ့ဈေးနဲ့ ပေးပါတယ်။ သိပ်မကြာခင် ဈေးကြီးတဲ့ ဟိုဘက်သင်တန်း ပိတ်သွားပါတယ်။ အပြိုင်မရှိ ဖွင့်ရတော့မှာဆိုတော့ ကျွန်တော်တို့လည်း 'အိုကေ' ပြီပေါ့လို့ ထင်လိုက်တယ်။ ဒါပေမဲ့ မအိုကေပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့သင်တန်းက လာတက်မယ့်လူတွေရဲ့ မျက်စိထဲမှာ လက်ခံနိုင်တဲ့ ရွေးချယ်စရာမဟုတ်သေးဘူးလို့ ယူဆကြလို့ပါ။ ဒီပြင် ရွေးချယ်စရာမရှိလို့သာ တက်ရင် တက်ရမယ်၊ ဒီသင်တန်းကလည်း သိပ်စွံတာမဟုတ်ဘူးလို့ သူတို့ ထင်မြင်ယူဆသွားကြပါတယ်။ အဲဒီမှာ ကျွန်တော်တို့သင်တန်းလည်း ကိစ္စပြတ်သွားတော့တာပေါ့။ သင်တန်းကျောင်းတစ်ခုတည်း အပြိုင်မရှိဖြစ်တဲ့အချိန်မှာ ဈေးကိုနင်းကန်ယူတာကိုးလို့ သူတို့ မြင်သွားပါတယ်။

■

mgyoe.com


Camp

mgyoe.com


၁၄ ။

## အချက်အလက်ဆိုတာ မရှိပါဘူး၊ အဓိပ္ပာယ်ကောက်ယူမှုဆိုတာသာ ရှိတာပါ

ဂျာမန်အတွေးအခေါ်ပညာရှင် ဖရက်ဒရစ်နီရှေး ပြောဖူးတာရှိပါတယ်။ ဘာလဲဆိုတော့...

"အချက်အလက်ဆိုတာ မရှိပါဘူး။ အဓိပ္ပာယ်ကောက်ယူမှုဆိုတာသာ ရှိတာပါ" တဲ့။


မှန်ပါတယ်၊ အချက်အလက်ဆိုတာက သူ့အတိုင်း ပကတိတည်ရှိနေတာပါ။ အဲဒါကို မှန်ကန်စွာ အဓိပ္ပာယ်ကောက်ယူနိုင်မှ အကျိုးရှိတာဖြစ်ပါတယ်။ အားကစားနဲ့ ဥပမာပြပါရစေ။

အမျိုးသမီး ပြေးခုန်ပစ်မယ်တစ်ယောက် ငွေဆု ဆွတ်ခူးတယ်လို့ သတင်းစာတစ်စောင်က ရေးပါတယ်။ နောက်တစ်စောင်ကတော့ အဲဒီအကြောင်းကိုပဲ အဲဒီပြေးခုန်ပစ်မယ်ဟာ ရွှေဆု မဆွတ်ခူးနိုင်ဘူးလို့ ရေးပြန်ပါတယ်။ အချက်အလက်အမှန်က အဲဒီပြေးခုန်ပစ်မယ်ဟာ ပြိုင်ပွဲမှာ ဒုတိယဆုရတာပါ။ ဒါကို အဓိပ္ပာယ်ကောက်ရာမှာ သတင်းစာတစ်စောင်နဲ့ တစ်စောင် မတူဘဲ တစ်စောင်က ငွေဆုရတယ်ရေးပြီး တစ်စောင်က ရွှေဆုမရဘူးလို့ ဆိုတာပါ။ အမှန်မှာက အချက်အလက်အနေနဲ့ သူမ ဒုတိယနေရာရခြင်းကို ကိုယ်သန်သလို အဓိပ္ပာယ်ကောက်တာဖြစ်ပါတယ်။

စီးပွားရေးအဖွဲ့အစည်းတွေမှာလည်း ဒီလိုပါပဲ၊ ကနဦးပိုင်း အရှုံးပြနေတာကို တချို့က အနာဂတ်အတွက် ကြီးကြီးမားမားရင်းနှီးမြှုပ်နှံနေလို့ ရှုံးနေတာကိုမြင်ပြီး တချို့ကတော့ လွဲမှားတဲ့ ဘဏ္ဍာရေးဆိုင်ရာ မူဝါဒကြောင့် ရှုံးတာလို့ မြင်ကြပါတယ်။

■

mgyoe.com



mgyoe.com

mgyoe.com


## ၁၅



# အတွဲအဖက်အသင်းများကို တီထွင်ဖန်တီးပါ

ဩစတြီးယန်း– အမေရိကန် စီးပွားရေးပညာရှင် ဂျိုးဇက်ရှွန်ပီတာ ပြောဖူးတဲ့ စကားတစ်ခွန်းရှိပါတယ်။ အဲဒါကတော့...

“စွန့်ဦးတီထွင် လုပ်ငန်းရှင်များဟာ စီးပွားရေးလောကကို အားကောင်းခိုင်မာ ထက်မြက်လာစေတယ်” လို့ပါ။ မှန်ပါတယ်၊ စွန့်ဦးတီထွင် လုပ်ငန်းရှင်တွေဟာ သတ္တိရှိရှိနဲ့ စီးပွားရေးလောကမှာ အတွဲအဖက်အသစ်များနဲ့ ထိုးဖောက်ဝင်ရောက်ကြတာပါ။ ‘သေမြေကြီး၊ ရှင်ရွှေထီး’ ဆိုတဲ့

mgyoe.com

mgyoe.com


သဘောပေါ့။ အသုံးမဝင် ခေတ်ကုန်တာတွေကို ရဲရဲကြီး စွန့်ပစ်ခဲ့ကြပါတယ်။ ဒီလိုလုပ်တာကို ရှွန်ပီတာက "တီထွင်ဖန်တီးမှုရှိသော ဖျက်ဆီးခြင်း" လို့ အမည်ပေးပါတယ်။

ကောင်းမွန်တဲ့ တီထွင်ဖန်တီးမှုမှန်သမျှက သူ့လောက် သိပ်မကောင်းတာကို အပြတ်ဖယ်ရှားရှင်းလင်းပစ်တာပါ။

ဒီနေရာမှာ Uber ပို့ဆောင်ရေးကုမ္ပဏီက အငှားယာဉ်လောကမှာ တော်လှန်ပြောင်းလဲ တီထွင်ဖန်တီးပစ်တာကို သာဓကပြရပါမယ်။ ထိုနည်းတူပဲ သမိုင်းဝင်နေရာဒေသတွေဟာလည်း လာရောက်လေ့လာကြည့်ရှုသူပိုများလာအောင် အသစ်တီထွင်ဖန်တီးမှုများနဲ့ ဆွဲဆောင်နိုင်ခဲ့ပါတယ်။

mgyoe.com

mgyoe.com


၁၆

## အတူတူနဲ့ အနူနူပဲ၊ သို့သော် ကွဲပြားခြားနားမှုရှိပါတယ်

တီထွင်ဖန်တီးမှုဟာ မဖြစ်စလောက် ခပ်သေးသေးလေးမို့ လျော့မတွက်လိုက်ပါနဲ့။ နောက်ဆက်တွဲအောင်မြင်မှုအကြီးကြီး ရနိုင်တာမျိုးလည်းရှိပါတယ်။ အတူတူနဲ့ အနူနူပဲ၊ ဒါပေမဲ့ ကွဲပြားခြားနားတယ်ဆိုတဲ့ ဆိုရိုးစကားဟာ စီးပွားရေးနယ်ပယ်မှာ အလွယ်နားလည်နိုင်ကြပါတယ်။ အထူးသဖြင့် အဲဒီ 'ကွဲပြားခြားနားမှု' ဆိုတာက ပိုဟုတ်၊ ပိုကောင်းတဲ့အခါမှာပေါ့။

စိတ်ကူးစိတ်သန်း အတွေးအခေါ်သစ်တစ်ခုလုံး အောင်မြင်ပေါက်ပေါက်မြောက်ဖို့ဆိုရင် သင့်အနေနဲ့ ဆိုင်ရာပုဂ္ဂိုလ်များကို (သင့်ရဲ့ တီထွင်မှုနဲ့ပတ်သက်တဲ့) ဥပမာတင်စားမှု ထင်ဟပ်ချက်များနဲ့ပတ်သက်လို့ လုံးဝအကျွမ်းတဝင် နားလည်ပေါက်မြောက်နေစေရမှာပါ။

ဥပမာ... မော်တော်ကားဆိုတာ မြင်းမဆွဲတဲ့ ရထားလုံးပဲဖြစ်တယ်ဆိုတာမျိုး၊ ဖက်စ်ဆိုတာ တဲလက်စ်ကို တစ်ဆင့်မြှင့်လိုက်တယ်ဆိုတာမျိုးပေါ့။ ဒါပေမဲ့ မော်တော်ကားနဲ့ ရထားလုံးအကြား၊ ဖက်စ်နဲ့ တဲလက်စ်အကြား လုံးဝကွဲပြားခြားနားမှုရှိပါတယ်။ ခုအချိန်မှာ ခေတ်မစားတော့ပေမဲ့ တစ်ချိန်တုန်းက ခေတ်စားခဲ့တဲ့ Walkman ဆိုရင် ကက်ဆက်အမျိုးအစားပဲပေါ့။ သီချင်းနားထောင်လို့ရပါတယ်။ ဒါပေမဲ့ Walkman နဲ့ ကက်ဆက်ခြားနားတာက Walkman ကို ကြွန်မြေမပျက် အလွယ်တကူသယ်သွားလို့ရတဲ့အချက်ပါ။

■

mgyoe.com



mgyoe.com


၁၅

## အလွန်အကျွံမဖြစ်ပါစေနဲ့၊ အစွန်းမရောက်ပါစေနဲ့

အလယ်အလတ်လမ်းဆိုတာကတော့ မြန်မာတွေ မစိမ်းပါဘူး။ မစိမ်းတဲ့အပြင် တော်တော်လေးကို ရင်းနှီးကျွမ်းဝင်ရှိကြပါတယ်။ ဗုဒ္ဓရှင်တော်ကိုယ်တိုင်က 'မဇ္ဈိမပဋိပဒါ' အလယ်အလတ်လမ်းစဉ်နဲ့ပတ်သက်ပြီး အကျယ်တဝင့် သွန်သင်ဟောပြတော်မူခဲ့ပြီးဖြစ်ပါတယ်။

လောကီရေးရာ စီးပွားရှာရာမှာလည်း 'အလယ်အလတ်' လမ်းစဉ်ဟာ သင့်တော်လှပါတယ်။ ဘယ်အလုပ်မဆို လုပ်တော့မယ်ကြံရင် အစွန်းနှစ်ဖက်ကို စိတ်ထဲပေါ်အောင်တွေး၊ ပြီးတော့မှ အဲဒီအစွန်းနှစ်ဖက်ရဲ့ အလယ်ကို အရယူလုပ်ကိုင်ရမှာပါ။

ဗဟိုချုပ်ကိုင်မှုလား၊ ဗဟိုမချုပ်ကိုင်မှုလား၊ သက်ဦးဆံပိုင်စနစ်လား၊ အများဆန္ဒနဲ့ အားလုံးပါဝင်တဲ့စနစ်လား၊ အကောင်းဆုံး အသင့်တော်ဆုံးက အဲဒါတွေရဲ့အလယ်မှာ ရှိပါတယ်။ အလယ်မှာ ဘယ်လိုရှိတယ်၊ အလတ်'ကျ' အောင် ဘယ်လိုလုပ်ရမယ်ဆိုတာကတော့ ကိုယ့်ဝမ်းစာ၊ ကိုယ့်အတွေ့အကြုံ၊ ကိုယ့်စွမ်းရည်ပေါ် မူတည်ပါတယ်။

ဂရိဒဿနဆရာကြီး ဆိုကရေးတီးထံက အရစ္စတိုတယ် ဆည်းပူးရယူခဲ့တဲ့ ကျွမ်းကျင်လိမ္မာပါးနပ်မှုမျိုးပေါ့။

■

mgyoe.com



mgyoe.com

mgyoe.com


၁၈

# ဖြစ်သင့် လုပ်သင့်တဲ့အတိုင်း မလုပ်ရရင် ဖြစ်နေတဲ့အတိုင်းပဲ လုပ်လိုက်ပါ

အလုပ်တစ်ခုကို စလုပ်လိုက်တယ်ဆိုရင် ပြီးအောင်လုပ်ရမှာဖြစ်ပါတယ်။ အလုပ်ပြီးစီးဖို့ ရည်မှန်းချက်ထားရမှာပါ။ ရည်မှန်းချက်အပေါ် ခိုင်ခိုင်မာမာ ဆုပ်ကိုင်ထားရမှာဖြစ်ပေမဲ့ ခေါင်းမာတဲ့အဆင့်မရောက်ဘဲ ပြောင်းလွယ်ပြင်လွယ် ရှိရပါမယ်။ အခြေအနေသိပ်မပေးလွန်းရင် ဖြစ်သင့် လုပ်သင့်တဲ့အတိုင်းမလုပ်ဘဲ ဖြစ်နေတဲ့အတိုင်းပဲ လုပ်ရမှာပါ။ ဒါပေမဲ့ ကိုယ်လုပ်ချင်တဲ့၊ လုပ်သင့်တဲ့အနေအထားမဟုတ်လို့ ဖြစ်ကတတ်ဆန်း ကရော်ကမည်လုပ်ရမှာမဟုတ်ဘဲ ကျကျနနလုပ်ရမှာပါ။

ဒတ်ချ်နိုင်ငံရေးသမား ယန်ဒီကိုနင် ပြောဖူးတာရှိပါတယ်။

"ဖြစ်သင့် လုပ်သင့်တဲ့အတိုင်းလုပ်ဖို့ အခြေအနေမပေးရင် (မလုပ်ရရင်) ဖြစ်နေတဲ့အတိုင်းပဲ လုပ်လိုက်ပါ" ဆိုတာပါပဲ။

ဇွတ်ကြီး ခေါင်းမာပြီး အခြေအနေမပေးတာကို ဆင်ကန်းတောတိုး၊ ရူးရူးမူးမူးလုပ်နေတာအတွက် သန္နိဋ္ဌာန်ပြင်းပြလှချည်လားလို့ ချီးကျူးရမှာ ဖြစ်ပေမဲ့ လက်တွေ့ကျတဲ့သူကတော့ အခြေအနေပေးတဲ့အတိုင်းပဲ လုပ်ကိုင်ဆောင်ရွက်မှာဖြစ်ပါတယ်။

■

mgyoe.com



mgyoe.com
mgyoe.com

mgyoe.com


၁၉

# အချိန်ဟာ ကွဲပြားခြားနားမှုကို ဖြစ်စေတယ်

ကျော်ကြားလှတဲ့ တရုတ်စစ်မဟာဗျူဟာပညာရှင် ဆွန်ဇူးက "စစ်ရေးစစ်ရာ ခင်းကျင်းရာမှာ အချိန်ဟာ အရေးအကြီးဆုံးလက်နက်" ဖြစ်တယ်လို့ မိန့်ဆိုဖူးပါတယ်။

ပြင်သစ်စစ်ဘုရင် နပိုလီယံဘိုနာပတ်ဟာ အချိန်ရဲ့တန်ဖိုးကို ကောင်းကောင်းနားလည်ပါတယ်။ ဒါ့ကြောင့် သူ့ရန်သူတွေထက် ပိုမြန်အောင်၊ ပိုသွက်အောင် တစ်ဆင့်ချီတက်လှုပ်ရှားကာ အောင်ပွဲကို အရယူတာပါ။ ဒါပေမဲ့ စစ်ဘုရင်ကြီး နပိုလီယံ သိလျက်နဲ့ ဝိဘက်ကြမ္မာငင်ခဲ့ရတာကတော့ ဝါတာလူးစစ်ပွဲမှာပါ။ အချိန်မလုံလောက်ဘဲနဲ့ သွားစစ်ဆင်မိလို့ အကြီးအကျယ်အရေးနိမ့်ခဲ့ရပါတယ်။

လုပ်ငန်းအောင်မြင်မှုအတွက် လျင်မြန်ခြင်းဟာ အဓိကသော့ချက်နေရာမှာရှိတာပါ။ အဲ... မြန်လွန်းတဲ့အတွက် ရလဒ်မကောင်းဘူး ဆိုးတဲ့အခြေအနေမျိုးမဟုတ်ရင်ပေါ့။

တချို့ကိစ္စတွေကျတော့လည်း ကိုယ့်ဘက်က အချိန်ပိုယူလိုက်လို့ အဆင်ပြေ အောင်မြင်သွားတာမျိုးရှိပါတယ်။ အချိန်စောစောပြီးတာ၊ အချိန်နောက်ကျမှပြီးတာ... ဘာပဲဖြစ်ဖြစ် အချိန်ကတော့ ကွဲပြားခြားနားမှုကို ဖြစ်စေတာ၊ အောင်မြင်မှုကို ရစေတာဖြစ်ပါတယ်။

■

mgyoe.com